# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၅) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၄-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၀:၀၀) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ –
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ခာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၈,၁၄၂,၇၁၈) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၆၉၁,၀၁၃) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ –

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၄-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၃-၈-၂၀၂၀) | (၄-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄,၅၈၂,၂၇၆ | ၄,၆၂၉,၄၅၉ | ၄၇,၁၈၃ | ၁၅၄,၂၂၆ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၇၀၇,၈၇၇ | ၂,၇၃၃,၆၇၇ | ၂၅,၈၀၀ | ၉၄,၁၀၄ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၁,၈၀၃,၆၉၅ | ၁,၈၅၅,၇၄၅ | ၅၂,၀၅၀ | ၃၈,၉၃၈ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၅၆,၂၆၄ | ၈၆၁,၄၂၃ | ၅,၁၅၉ | ၁၄,၃၅၁ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၁၁,၄၈၅ | ၅၁၆,၈၆၂ | ၅,၃၇၇ | ၈,၃၆၆ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၄၃၄,၁၉၃ | ၄၃၉,၀၄၆ | ၄,၈၅၃ | ၄၇,၇၄၆ |
| ၇။ | ပီရူး | ၃၂.၉ | ၄၂၂,၁၈၃ | ၄၂၈,၈၅၀ | ၆,၆၆၇ | ၁၉,၆၁၄ |
| ၈။ | ချီလီ | ၁၈.၃ | ၃၅၉,၇၃၁ | ၃၆၁,၄၉၃ | ၁,၇၆၂ | ၉,၇၀၇ |
| ၉။ | ကိုလံဘီယာ | ၄၉.၈ | ၃၀၆,၁၈၁ | ၃၁၇,၆၅၁ | ၁၁,၄၇၀ | ၁၀,၆၅၀ |
| ၁၀။ | အီရန် | ၈၂.၈ | ၃၀၉,၄၃၇ | ၃၁၂,၀၃၅ | ၂,၅၉၈ | ၁၇,၄၀၅ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | ရောဂါကြောင့် သေဆုံးသူဦးရေ (၄-၈-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၃-၈-၂၀၂၀) | (၄-၈-၂၀၂၀) | | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၈၀,၀၂၉ | ၂၈၀,၄၆၁ | ၄၃၂ | ၅,၉၉၉ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၄၀,၇၄၆ | ၂၄၂,၁၀၂ | ၁,၃၅၆ | ၃,၁၈၄ |
| (ဂ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၁၁,၄၅၅ | ၁၁၃,၁၃၄ | ၁,၆၇၉ | ၅,၃၀၂ |
| (ဃ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၀၃,၁၈၅ | ၁၀၆,၃၃၀ | ၃,၁၄၅ | ၂,၁၀၄ |
| (င) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၈,၄၆၀ | ၈၈,၅၇၄ | ၁၁၄ | ၄,၆၇၈ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၂,၈၂၅ | ၅၃,၀၅၁ | ၂၂၆ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၂၀ | ၃,၃၂၁ | ၁ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၆၂၁ | ၆၅၂ | ၃၁ | ၆ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၅၅ | ၃၅၆ | ၁ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာအလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) (လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန